# တီဘီရောဂါ

# (TB)

(TUBERCULOSIS DISEASE (TB))



**တီဘီရောဂါ သို့မဟုတ် "တီဘီ (TB)" သည် *Mycobacterium tuberculosis* ဟုခေါ်သော ရောဂါပိုးမွှားများကြောင့် ဖြစ်ပွားသည့်ရောဂါဖြစ်သည်။ ခန္ဓာကိုယ်ထဲတွင် တီဘီပိုးရှိသူတိုင်း နာမကျန်းဖြစ်ခြင်း မရှိပါ။ Latent TB Infection (LTBI) (ငုပ်လျှိုးနေသော တီဘီရောဂါကူးစက်မှု) နှင့် တီဘီရောဂါဟူ၍ တီဘီဘက်တီးရီးယားကြောင့်ဖြစ်ပွားသည့် အခြေအနေ နှစ်ခုရှိပါသည်။** LTBI **ဖြစ်ပွားလျှင် သင့်ခန္ဓာကိုယ်တွင် တီဘီပိုးများ ရှိနေသော်လည်း သင်သည် နာမကျန်းဖြစ်ခြင်း မရှိပါ။ သင်၏ကိုယ်ခံအားစနစ်က တီဘီပိုးများ ပြန့်ပွားလာမှုကို မတားဆီးနိုင်ခြင်းကြောင့် သင့်ခန္ဓာကိုယ်တွင် တီဘီပိုးများ တက်ကြွလာလျှင် တီဘီ သို့မဟုတ် တီဘီရောဂါ ဖြစ်ပွားသည်။**

**တီဘီရောဂါ ဖြစ်ပွားနေလျှင် သင့်တွင် နာမကျန်းသည့် အမှတ်အသားများနှင့် ရောဂါလက္ခဏာများ ရှိနေမည်ဖြစ်သည်။ အများအားဖြင့် တီဘီရောဂါသည် အဆုတ်ထဲသို့ ဝင်ရောက်သော်လည်း ၎င်းသည် ပြန်ရည်ကျိတ်များ၊ အရိုးများ၊ အဆစ်များနှင့် ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများသို့လည်း ဝင်ရောက်နိုင်သည်။ အကယ်၍ တီဘီရောဂါသည် သင့်အဆုတ် သို့မဟုတ် လည်ချောင်းတွင်ရှိနေပါက သင်မှတဆင့် သင့်မိသားစု၊ မိတ်ဆွေများနှင့် သင်နှင့်မကြာခဏ ပေါင်းသင်းဆက်ဆံသူများသို့ တီဘီပိုးကူးစက်နိုင်သည်။ အကယ်၍ တီဘီရောဂါသည် သင့်ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများဖြစ်သည့် ပြန်ရည်ကျိတ်များ၊ အရိုးများ၊ သို့မဟုတ် အဆစ်များတွင် ရှိပါနေက သင်မှတဆင့် အခြားသူများထံ အများအားဖြင့် တီဘီပိုးမကူးစက်နိုင်ပါ။**

## ကျွန်ုပ် တီဘီရောဂါ မည်သို့ရရှိခဲ့သနည်း။

- တီဘီရောဂါပိုးသည် လူတစ်ဦးမှ အခြားတစ်ဦးသို့ လေမှတစ်ဆင့် ကူးစက်သည်။ တီဘီရောဂါရှိသူများသည် ချောင်းဆိုးခြင်း၊ ရယ်မောခြင်း၊ သီချင်းဆိုခြင်း သို့မဟုတ် နှာချေခြင်း စသည်တို့ ပြုလုပ်သည့်အခါ အခြားသူများထံ ရောဂါကူးစက်စေနိုင်သည်။ သင်သည် တီဘီပိုးရှိသော လေကို ရှူရှိုက်မိပါက LTBI ရရှိနိုင်သည်။ အချိန်ကြာလာသည့်အခါ LTBI ရှိသောလူအချို့တွင် တီဘီရောဂါ ဆက်လက်ဖြစ်ပွားသည်။
- တီဘီရောဂါသည် လက်ဆွဲနှုတ်ဆက်ခြင်း၊ အိမ်သာထိုင်ခုံများပေါ်တွင် ထိုင်ခြင်း သို့မဟုတ် အစားအသောက် မျှဝေစားသောက်ခြင်းဖြင့် သင့်ထံ **မကူးစက်နိုင်ပါ။**

## တီဘီရောဂါ၏ အမှတ်အသားများနှင့် ရောဂါလက္ခဏာများသည် အဘယ်နည်း။

*သင့်တွင် တီဘီရောဂါ ဖြစ်ပွားနေပါက သင့်တွင် အောက်ပါ အမှတ်အသားများနှင့် ရောဂါလက္ခဏာအချို့ သို့မဟုတ် အားလုံး ရှိနေနိုင်သည်-*

- သုံးပတ်ထက်ကြာသော ချောင်းဆိုးခြင်း
- ချမ်းတုန်ခြင်းနှင့် အဖျားတက်ခြင်း
- အကြောင်းခြင်းရာမရှိဘဲ ကိုယ်အလေးချိန်လျော့ကျခြင်း
- အားနည်းခြင်း သို့မဟုတ် မောပန်းခြင်း
- ရင်ဘတ်အောင့်ခြင်း
- ညအိပ်ချိန် ချွေးထွက်များခြင်း
- ချောင်းဆိုးသွေးပါခြင်း

## တီဘီရောဂါအတွက် မည်သည့်စစ်ဆေးမှုများ ရနိုင်သနည်း။

- TB အရေပြားစစ်ဆေးမှု (Mantoux စစ်ဆေးမှု) သို့မဟုတ် TB သွေးစစ်ဆေးမှုသည် သင့်ခန္ဓာကိုယ်တွင် တီဘီပိုးများ ရှိနေနိုင်ချေရှိမရှိ ပြသပေးသည်။
- ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်းက တီဘီပိုးများသည် သင့်အဆုတ်ကို ထိခိုက်မှုရှိမရှိ ပြသသည်။
- အဆုတ်မှထွက်သည့်ခြွဲ (သလိပ်) စစ်ဆေးချက်များက ချောင်းဆိုးသလိပ်တွင် တီဘီပိုးရှိမရှိ ပြသသည်။
- သင့်ဆရာဝန်သည် သင့်ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများတွင် တီဘီရောဂါရှာဖွေရန် အခြားစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။

## ကျွန်ုပ်၏ အဆုတ်တွင် တီဘီရောဂါရှိမရှိ မည်သို့သိရှိနိုင်သနည်း။

- ရောဂါရှိသည်ဟု အဖြေထွက်သော Tuberculin အရေပြားစစ်ဆေးမှု သို့မဟုတ် TB သွေးစစ်ခြင်း
- ပုံမှန်မဟုတ်သော ရင်ဘတ်ဓာတ်မှန်
- တီဘီရောဂါ၏ အမှတ်အသားများနှင့် ရောဂါလက္ခဏာများ

**BUREAU OF COMMUNICABLE DISEASES**
www.dhs.wisconsin.gov/dph/bcd.htm | DHSDPHBCD@dhs.wi.gov
Wisconsin Department of Health Services | Division of Public Health

P-42099BU (1/2020)

## တီဘီရောဂါကို မည်သို့ကုသသနည်း။

*တီဘီရောဂါသည် မှန်ကန်သော ဆေးကုသမှုနှင့် ဆေးဝါးများဖြင့် ကုသနိုင်သော ပြင်းထန်ရောဂါဖြစ်သည်။ သင့်တွင် တီဘီရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိပါက တီဘီပိုးများကိုသတ်ရန် အထူးတီဘီဆေးများသောက်သုံးရန် လိုအပ်ပါသည်။*

- တီဘီပိုးများသည် အားကောင်းပြီး ကြာရှည်စွာ အသက်ရှင်နိုင်သည်။ သင့်အနေဖြင့် ရောဂါမသက်သာမီ အချိန်အတန်ကြာ ဆေးဝါးသောက်သုံးရနိုင်ပါသည်။
- သင်သည် တီဘီဆေးများကို အနည်းဆုံး 6-9 လအထိ ဆက်တိုက်သောက်သုံးရပါမည်။
- ရောဂါသက်သာလာလျှင်ပင် သင့်ဆရာဝန်က မညွှန်ကြားမချင်း ဆေးဝါးသောက်သုံးခြင်းကို မရပ်တန့်ပါနှင့်။
- တီဘီကုသမှုမပြီးမချင်း **သင့်ဆရာဝန်နှင့် ချိန်းဆိုထားမှုများအားလုံးကို မပျက်ကွက်ဘဲ ပြသရန်** အရေးကြီးပါသည်။ ဆရာဝန်သည် သင့်အား အနီးကပ်စောင့်ကြည့်မည်ဖြစ်ပြီး တီဘီပိုးအားလုံး ကင်းရှင်းကြောင်း သေချာစေရန် နောက်ထပ်စစ်ဆေးမှုများ ပြုလုပ်နိုင်သည်။
- သင်၏ တီဘီဆေးများကို နေ့တိုင်း တူညီသည့်အချိန်တွင် သောက်သုံးပါ။
- တီဘီဆေးသောက်နေစဉ် ဘီယာ၊ ဝိုင် သို့မဟုတ် အရက်မသောက်ပါနှင့်။

**သင် ဆေးကုသမှု ခံယူနေစဉ်အတွင်း ဒေသတွင်းကျန်းမာရေးဌာနမှ ဝန်ထမ်းများက သင့်ကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ ၎င်းတို့သည် သင့်အားပုံမှန်တွေ့ဆုံကာ သင့်အနေဖြင့် ဆေးဝါးများ သောက်သုံးခြင်းရှိမရှိ စောင့်ကြည့်မည် ဖြစ်ပါသည်။ ၎င်းကို Directly Observed Therapy (DOT) (တိုက်ရိုက်ကြည့်ရှုကုသခြင်း) ဟုခေါ်သည်။ DOT သည် သင့်ကုသမှုကို အတိုဆုံးအချိန်အတွင်း ပြီးမြောက်အောင် ကူညီပေးပါမည်။**

## ဆေးဝါးသောက်သုံးခြင်းမှ မည်သည့်ဘေးထွက်ဆိုးကျိုးများကို မျှော်မှန်းထားရမည်နည်း။

ဆေးဝါးအားလုံးကဲ့သို့ပင် တီဘီရောဂါကို ကုသရန်အသုံးပြုသော ဆေးဝါးများသည် ဘေးထွက်ဆိုးကျိုးများ ရှိနိုင်သည်။ အချို့သူများသည် တီဘီဆေးဝါး သောက်သုံးသော်လည်း မည်သည့်ပြဿနာမှ မကြုံတွေ့ရပါ။ **သင့်တွင် အောက်ပါဘေးထွက်ဆိုးကျိုးများ ဖြစ်ပွားပါက သင့်ဆရာဝန်ထံ ဖုန်းခေါ်ဆိုပါ သို့မဟုတ် ပြသပါ-**

- ပျို့ခြင်း* သို့မဟုတ် အန်ခြင်း
- အစာစားချင်စိတ် မရှိခြင်း
- ချမ်းတုန်ခြင်းနှင့် အဖျားတက်ခြင်း
- မျက်လုံးများ သို့မဟုတ် အရေပြား ဝါခြင်း
- လက်ချောင်းများ သို့မဟုတ် ခြေချောင်းများ ထုံခြင်း သို့မဟုတ် ကျင်ခြင်း
- အမြင်အာရုံဝေဝါးခြင်း သို့မဟုတ် အမြင်အာရုံပြောင်းလဲခြင်း
- နားအူခြင်း
- အကြားအာရုံချို့ယွင်းလာခြင်း
- ခေါင်းမူးခြင်း
- အဆစ်များနာခြင်း
- သုံးရက်ထက်ပို၍ ဖျားခြင်း
- အရေပြား အနီကွက်များထွက်ခြင်း
- အလွယ်တကူ သွေးထွက်ခြင်း သို့မဟုတ် အညိုအမည်းစွဲခြင်း

*အချို့သူများသည် ဆေးစသောက်ချိန်တွင် အနည်းငယ်ပျို့အန်တတ်ပါသည်။ ထိုသို့ဖြစ်လျှင် သင့်အနေဖြင့် ဆေး(များ) သောက်သုံးသည့်အခါ အစာအနည်းငယ်စားပါ သို့မဟုတ် အိပ်ရာဝင်ချိန်တွင် ဆေးသောက်ပါ။ သင်သည် သုံးရက်အကြာတွင် ပျို့အန်နေသေးပါက ဆရာဝန်ထံ ဆက်သွယ်ပါ။


BUREAU OF COMMUNICABLE DISEASES
www.dhs.wisconsin.gov/dph/bcd.htm | DHSDPHBCD@dhs.wi.gov
Wisconsin Department of Health Services | Division of Public Health